**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၆)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၃.၄၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၁၅-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အာမကကတိကော်မတီအစည်းအဝေး။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဂငင်းအတိုင်း။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဂငင်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)၊ ဂငင်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဂငင်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဂငင်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဂငင်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဂငင်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဂငင်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဂငင်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဂငင်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဂငင်းအတိုင်း။ ဦးစိုင်းစံအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ သိပ္ပံနှင့်နည်းပညာတီထွင်မှု၊ ဆန်းသစ်မှု ပြပွဲပြိုင်ပွဲသို့ တက်ရောက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဂငင်းအတိုင်း။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဂငင်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် ပါဝင်ဆောင်ရွက်နေသူများဆိုင်ရာ အစည်းအဝေး။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ILO ဆိုင်ရာ အစည်းအဝေးတက်ရောက်ရန်နှင့် ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦးဖြစ်ပြီး အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၇)ဦးဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တီွကင်းဝ ကျေးရွာနှင့် ဘောင်ကူးကျေးရွာကြား (ပလက်ချောင်း) လူကူး ကြိုးတံတား အရှည်ပေ(၃၂၀)ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တီွကင်းဝကျေးရွာနှင့် ဘောင်ကူးကျေးရွာကြား (ပလက်ချောင်း) လူကူးကြိုးတံတား အရှည်ပေ(၃၂၀)ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်သော ပလက်ဝမြို့နယ်၊ တီွကင်းဝ ကျေးရွာသည် အိမ်ခြေ (၁၇၉)ဆောင်ရှိပြီး လူဦးရေ (၉၃၈)ဦးကျော်နေထိုင်သော ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ တီွကင်းဝကျေးရွာသည် အလယ်တန်းကျောင်းရှိသည့်အပြင် ကျေးလက်ကျန်းမာရေးဌာန ခွဲတစ်ခုလည်း ရှိပါတယ်။ အဆိုပါ တီွကင်းဝကျေးရွာတွင် အလယ်တန်းကျောင်းပညာသင်ကြားနေ သော ရပ်နီး၊ ရပ်ဝေးမှ ကျေးရွာ(၄)ရွာရှိပြီး မိုးရာသီ ပလက်ချောင်း ရေကြီးချိန်တွင် ကျောင်းသူ၊ ကျောင်းသားများ သွားလာရေး အလွန်ခက်ခဲပါတယ်။ ပလက်ချောင်းကို ခြေလျင်ဖြင့်သော်လည်း ကောင်း၊ လှေကလေးများဖြင့်သော်လည်းကောင်း ကူးခတ်နေရသည်မှာ အလွန်အန္တရာယ်ရှိပါတယ်။ ထို့အပြင် အရေးပေါ်လူနာများ ဆေးကုသရာတွင် အနီးအနားကျေးရွာများမှ တီွကင်းဝကျေးလက် ကျန်းမာရေးဌာနကို မှီခိုကုသနေရတဲ့အတွက် အဆိုပါတံတားသည် အလွန်အသုံးဝင်မည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်ပုံအထောက်အထားများ တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါ တယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ တီွကင်းဝကျေးရွာကို တံတားထိုးမယ့်နေရာကို ကျွန်တော် ညွှန်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ နောက် ဒါက အရှေ့ဘက်ကမ်းမှာ ညွှန်ပြထားတာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မိုးရာသီ ရေကြီးတဲ့အချိန်မှာ လုပ်ငန်းခွင်သို့သွားရန် သောင်တင်နေတဲ့အနေအထား ဖြစ်ပါတယ် ခင်ဗျား။ ဒါကလည်း လုပ်ငန်းခွင်ကိုသွားဖို့ ရေကူးလို့မရတဲ့အတွက် သောင်တင်နေခြင်း ဖြစ်ပါတယ်။ ဒါ ရပ်ရွာ မှာရှိတဲ့ လူကြီးမင်းများနှင့် ကျွန်တော် ကွင်းဆင်းတဲ့မှတ်တမ်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ပလက်ချောင်းသည် မိုးရာသီတွင် ရေစီးရေလာ အင်မတန်ကြမ်းတမ်းပြီး တီွကင်းဝကျေး ရွာနှင့် ဘောင်ကူးကျေးရွာကြား ဖြတ်သန်းစီးဆင်းသောချောင်းဖြစ်၍ အများပြည်သူ နေ့စဉ်ရက်ဆက် တောင်ယာ အကိုင်းအခင်း၊ ဥယျာဉ်ခြံမြေများ လုပ်ကိုင်အသက်မွေးကြရာတွင် ဖြတ်သန်းခဲ့ရသော ချောင်းလည်းဖြစ်ပါတယ်။ အနီးအနားဝန်းကျင်ရှိ ပြည်သူများကလည်း ဖော်ပြပါ ကြိုးတံတားအား တည်ဆောက်ပေးနိုင်ရန် လိုလားလျက်ရှိပါတယ်။ ဝေးလံခေါင်သီသော ကျေးလက်ဒေသနေ ပြည်သူ

များ၏ လူမှုဘဝ အဆင့်အတန်းမြင့်မားလာစေရေး၊ ကျန်းမာရေး၊ ပညာရေး၊ သွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တွီကင်းဝကျေးရွာနှင့် ဘောင်ကူးကျေးရွာအကြား (ပလက်ချောင်း)လူကူးကြိုးတံတား ပေအရှည် (၃၂၀)ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

ပလက်ဝမြို့နယ်၊ တွီကင်းဝကျေးရွာ-ကြိုးတံတားထိုးမည့်နေရာကို ညွှန်ပြသည့် မြင်ကွင်းပုံ (၈၈)



ပလက်ဝချောင်းရေကြီးနေ၍ တဖက်ကမ်းသို့ကူးရန် သောင်တင်နေခြင်းပြ မြင်ကွင်းပုံ (၉၉-၁)



တွီကင်းဝကျေးရွာ လူကြီးများနှင့်အတူ ကြိုးတံတား ထိုးမည့်နေရာကွင်းဆင်းမှတ်တမ်း မြင်ကွင်းပုံ (၉၉-၂)



**ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုး ဆိုင်ကယ်လမ်းအား (၁၈)ပေ အကျယ် ကားလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုး ဆိုင်ကယ်လမ်းအား (၁၈)ပေအကျယ် ကားလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကြယ်ပွင့်ပြမေးချင်တဲ့ မေးခွန်းကတော့ ချင်းပြည်နယ် မတူပီမြို့နယ်ရှိ ရေဇွာမြို့နယ်ခွဲမှ ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုးဆိုင်ကယ်လမ်းအား (၁၈)ပေ အကျယ် ကားလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဇွာမြို့မှ ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုး ဆိုင်ကယ်လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် INGO အဖွဲ့အစည်းဖြစ်သော ADRA မှ ကျပ်သန်း(၇.၅)သန်းဖြင့် ဖောက်လုပ်ခဲ့ပါတယ်။ ရေဇွာမြို့တွင် လူဦးရေစုစုပေါင်း(၂၅၃၅)ဦး နေထိုင်သောမြို့ဖြစ်ပြီး ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုး ဆိုင်ကယ်လမ်းပေါ်သို့လည်း ကျေးရွာအုပ်စုပေါင်းစုစုပေါင်း(၅)ခုနှင့် အဲဒီအုပ်စုထဲမှာရှိတဲ့ ရွာပေါင်းဟာ(၁၃)ရွာရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီ(၁၃)ရွာအပါအဝင် ရေဇွာမြို့က လူဦးရေစုစုပေါင်းဟာဆိုလို့ရှိရင်(၇၁၂၂)ဦး အကျိုးခံစားရမှာဖြစ်ပါတယ်။ လုံငိုးကျေးရွာ ဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်း၊ စာစစ်ဌာန၊ တိုက်နယ်ဆေးရုံရှိသောရွာကြီး ဖြစ်ပြီးတော့မှ ပတ်ဝန်းကျင်ကျေးရွာမှ ပညာရေး၊ ကျန်းမာရေးအတွက် အလွန်အားကိုးရသောရွာကြီးတစ်ရွာဖြစ်ပါတယ်။ ယခင်အင်္ဂလိပ်လက်ထက်ကလည်း တိုက်နယ် မြို့ပိုင်ဝန်ထောက်တွေ အခြေချတဲ့ရွာလည်း ဖြစ်ပါတယ်။ လေရွာ-ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုးလမ်းသည် စုစုပေါင်းအရှည်အားဖြင့် မိုင်(၂၀)ခန့်ကွာဝေးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ ဒီ မတူပီမြို့နယ်ရဲ့ မြေပုံဖြစ်ပါတယ်။ ဒီမှာ ကားလမ်းဖောက်ဖို့နေရာကို ကျွန်တော်များနှင့် ပြထားပါတယ်။ Power Point ကို တစ်ချက်လောက်နှိပ်ပေးပါ။ ဒီ ရေဇွာမြို့ကနေ လုံငိုးကို ဖောက်မယ့်လမ်း ဖြစ်ပါတယ်။ ဒီဟာကတော့ အကျယ်ချဲ့ထားတာဖြစ်ပါတယ်။ ပိုပြီးမှ မြင်သာအောင်ဆိုပြီး

ဒီဟာကို မိုင်(၂၀)လောက်ကွာဝေးမှာဖြစ်ပါတယ်။ ဒီဟာကတော့ ဆိုင်ကယ်လမ်းမှာ ဒီလို ခရီးသည်တွေ ခက်ခက်ခဲခဲနဲ့ အန္တရာယ်ရှိစွာနှင့် သွားလာနေတဲ့ဓာတ်ပုံမှတ်တမ်း ဖြစ်ပါတယ်။ ဒီဟာကတော့ ဖောက်လုပ်ပြီးခါစ ဆိုင်ကယ်လမ်းကို မြင်ရတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒီလမ်းကျတော့ မိုးတွင်းမှာ ခရီးသည်များ ဒီလိုအခက်အခဲများစွာနှင့် သွားလာနေတဲ့ပုံ ဖြစ်ပါတယ်။ ရပါပြီ။ ကျေးဇူးတင်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ရေဇွာမြို့နယ်ခွဲမှ ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုး ဆိုင်ကယ်လမ်းအား (၁၈)ပေအကျယ် ကားလမ်းအဖြစ် လာမယ့် ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ရေဇွာမြို့နယ်ခွဲမှ လုံငိုးကျေးရွာသို့ လမ်းဖောက်လုပ်မည့်နေရာ၏ မြင်ကွင်းပုံ (ဈဈ)



ရေဇွာမြို့မှ လုံငိုးကျေးရွာသို့ သွားသောလမ်း၏ မြင်ကွင်းပုံ (ဈဈ-၁)



မိုးရာသီတွင် ခက်ခဲစွာ ခရီးသွားလာရသည့် မြင်ကွင်းပုံ (ဈဈ-၂)



**ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် က ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းသွားမယ့် မေးခွန်းကတော့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ရန်ပုံငွေနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ခဲ့တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ မေးမြန်းလိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်မှာ နယ်စပ်ရေးရာဝန်ကြီး ဌာနရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ အချို့ကုမ္ပဏီတွေက စိတ်စေတနာနှင့် ဆောင်ရွက်ပေးကြပါသော်လည်း တချို့ကုမ္ပဏီတွေက ကြိုတင်ကွင်းဆင်း လေ့လာခြင်း မရှိဘဲနှင့် တင်ဒါကိုသာ နည်းမျိုးစုံနှင့် ရယူခဲ့ကြပြီးတော့ တကယ်လက်တွေ့လုပ်ငန်းဆောင်ရွက်ရာ နယ်မြေကို ရောက်တဲ့အချိန်မှာ လုပ်ငန်းလုပ်ရန်အဆင်မပြေခြင်း၊ ခက်ခဲခြင်းတွေကို အကြောင်းပြ ပြီးတော့ အခြားစက်တွေကို ငှားရမ်းပြီးမှ ဆောင်ရွက်နေကြတာကို တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက် ကြတဲ့အခါမှာ လုပ်ငန်းတွေ ပီပြင်မှုမရှိခြင်း၊ တင်ဒါရယူတဲ့ ကုမ္ပဏီတွေနှင့် လုပ်ငန်းဆောင်ရွက်တဲ့ ကုမ္ပဏီ များမှာ စစ်ဆေးရန်ခက်ခဲခြင်း၊ ဘယ်ကုမ္ပဏီက တာဝန်ယူမှန်းမသိဘဲနှင့် လွှဲချနေကြခြင်း၊ လွှတ်တော် ကိုယ်စားလှယ်တွေနှင့် စီမံခန့်ခွဲမှုကော်မတီ၊ အရည်အသွေးစစ်ဆေးမှုကော်မတီတို့မှ တွက်ချက်မှုနှင့် စာချုပ်စာတမ်းတွေ မရရှိနိုင်တဲ့အတွက် စိစစ်ရန်ခက်ခဲခြင်းတွေ ကြုံတွေ့နေရပါတယ်။ ဌာနအနေဖြင့်လည်း ဝန်ထမ်းအင်အားနည်းပါးခြင်း၊ အင်ဂျင်နီယာမရှိခြင်းတို့ကို တွေ့နေရပါတယ်။ ဌာနမှချထားပေးတဲ့ လုပ်ငန်းဆောင်ရွက်မယ့် ကုမ္ပဏီတွေကလည်း လုပ်ငန်းဆောင်ရွက်ဖို့ သက်ဆိုင်ရာ သိသင့်သိထိုက်တဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီ၊ မြို့မိမြို့ဖနှင့် လွှတ်တော်ကိုယ်စားလှယ် များကို လုပ်ငန်းတွေ ချပြရှင်းလင်းမှုမရှိတဲ့အတွက် မိမိမြို့နယ်အတွင်းမှာ ဘယ်လုပ်ငန်းကို ဘယ်ကုမ္ပဏီက ဆောင်ရွက်နေတယ်ဆိုတာကို သိရခြင်းမရှိဘဲနှင့် ပြဿနာဖြစ်လာမှပဲ လွှတ်တော်ကိုယ်စားလှယ်တွေ မသိရကောင်းလားဆိုတဲ့ မေးခွန်းတွေကို ကျွန်မတို့ မေးမြန်းခံနေရပါတယ်။

ဒါကြောင့် ကြုံတွေ့နေရတဲ့ အခက်အခဲအတွေ့အကြုံတွေနှင့် ဖြစ်လာနိုင်ဖွယ်ရာ ပြဿနာ တွေကို ရှောင်ရှားနိုင်ဖို့အတွက်လည်းကောင်း၊ ပြည်သူတွေမသိရှိတဲ့အတွက် တိုင်ကြားနေကြခြင်း တွေကို လျှော့ချနိုင်ဖို့အတွက်လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ပြည်သူတွေအတွက် အကျိုးရှိရှိ

အသုံးပြုနိုင်ဖို့အတွက်လည်းကောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးတကြီး လိုအပ်နေပါတယ်။

ဒါကြောင့် ကျွန်မ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတာကတော့ (၁) တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် ပွင့်လင်းမြင်သာမှုတို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မယ့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ငန်းမဆောင်ရွက်ခင်မှာ သက်ဆိုင်ရာ ပါဝင်ထိုက်သူများကို ချပြရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ။ (၂)အနေနှင့် ပြည်ထောင်စုဘတ်ဂျက် ကျပ်သိန်း(၄၅၀၀)ဖြင့် ဆောင်ရွက်ခဲ့တဲ့ မုန်းချောင်း ဘေလီတံတားရဲ့ ရေလယ်တိုင် တိုင်တစ်ခုနှင့်တစ်ခု ပေ(၁၀၀)ကွာနေမှုကြောင့် တံတားခံနိုင်ဝန်နှင့်ခိုင်ခံ့မှုကို ထိခိုက်နိုင်ခြင်း ရှိ/မရှိနှင့် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ထားခြင်း ရှိ/မရှိကို ပညာရှင်ပါဝင်တဲ့ အခြားအဖွဲ့အစည်းဖြင့် စစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ။ (၃) အနေဖြင့် ပြည်နယ်ဘတ်ဂျက်ဖြင့် မှုချိန်းဒိန်း ရှင်ဘောင်လမ်းခွဲမှ မုလောင်းရွာအထိ မြေပြိုဖယ်(၂၃)မိုင်ကို (၁)မိုင် ကျပ်သိန်း(၄၀)နှုန်းဖြင့် သော်မိသားစုကုမ္ပဏီမှ ဆောင်ရွက်တဲ့နေရာမှာ ခါနန်းရွာကျော်တဲ့အထိ (၁၀)မိုင်သာမြေပြိုဖယ်ထားပြီးတော့ ကျန်မိုင်များကို ဆက်လက်ဆောင်ရွက်ခြင်း မရှိတာကို လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေကြေးထုတ်ယူမှု ကိုက်ညီမှုရှိ/မရှိနှင့် ကျန်ရှိမြေပြိုဖယ်လုပ်ငန်း တွေကို ဘယ်လို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာကို သိရှိလိုခြင်း။ (၄)အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းတွေကို စာချုပ်စာတမ်းပါအတိုင်း တာဝန်ယူရမယ့် ကုမ္ပဏီများအားလုံး ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ၂၀၁၇-၂၀၁၈ ဘယ်အချိန်မှာ အပြီးအစီးဆောင်ရွက်သွားမယ်ဆိုတာကို သိရှိလိုခြင်းနှင့် တကယ်လို့ ဆောင်ရွက်ခြင်းမရှိလို့ရှိရင် ဘယ်လိုအရေးယူ ဆောင်ရွက်မယ်ဆိုတာကို ကန်ပက်လက်မြို့နယ် ပြည်သူလူထုကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ တီွကင်းဝကျေးရွာနှင့် ဘောင်ကူးကျေးရွာကြား (ပလက်ချောင်း) လူကူးကြိုးတံတား အရှည်ပေ (၃၂၀)ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက် ပြီးတော့ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်သန်းထွဋ် က ပြန်လည် ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနှင့်ကတော့ ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသများရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကနေ ကျပ်(၄၃၆၄.၁၁၄)သန်းဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ပလက်ဝမြို့နယ်၊ တီွကင်းဝကျေးရွာနှင့်ဘောင်ကူးကျေးရွာအကြား (ပလက်ချောင်း)လူကူးကြိုးတံတား အရှည်ပေ (၃၂၀)ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာအထိ ပထမ(၆)လ ဘဏ္ဍာငွေအရအသုံးစာရင်းနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် စီမံကိန်းစာရင်းများမှာ ပေးပို့ထားပြီးဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း လျာထားပေးနိုင်ခြင်းမရှိဘဲ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် စီမံကိန်းတွင်မှသာ ထည့်သွင်း လျာထားပေးနိုင်မည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၂) ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်မှာရှိတဲ့ ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုး ဆိုင်ကယ်လမ်းအား (၁၈)ပေအကျယ် ကားလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ လုံမိ - လုံငိုး - ဘလေး - ဝေါ်တီးကြား မြေလမ်း(၁၁)မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြည်နယ်ရန်ပုံငွေကျပ် (၉၄.၀၅၀)သန်းဖြင့် တင်ဒါအောင်မြင်ခဲ့တဲ့ ဂရေစီနှင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းကို သိရှိရပါတယ်။ လက်ရှိအနေအထားမှာလည်း လုပ်ငန်းရဲ့ (၆၀)ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃) ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ရဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနှင့်ကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေဖြင့် ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးရွာနှင့် ဟုတ်ပုံကျင်းကျေးရွာကြားမှာရှိတဲ့ ခံနိုင်ရည် (၁၃)တန်နှင့်အထက် ဘေလီတံတား ပေ(၃၀၀)(၁)စင်းကိုလည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွက် (၄၀၀x၁၂)ပေလမ်း ကတ္တရာလမ်းခင်းခြင်းနှင့် သင်တန်းကျောင်း အဆောက်အအုံများရှိ မီးကြိုးအသစ်လဲလှယ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းအတွက် (၅၀၀x၁၂)ပေလမ်းအားကတ္တရာခင်းခြင်း လုပ်ငန်းများလည်းကောင်း၊ စုစုပေါင်း ငွေကျပ်(၄၇၃.၈၃၆)သန်းဖြင့် ကန်ပက်လက်မြို့နယ်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက်မှာပါရှိတဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မယ့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ငန်းတွေမဆောင်ရွက်မီမှာ သက်ဆိုင်ရာ ပါဝင်ထိုက်သူများကို ချပြရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနှင့်ကတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ ပင်မစီမံကိန်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများရဲ့ တင်ပြချက်တွေ၊ နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်တွေ၊ လွှတ်တော်ရဲ့ ကတိကဝတ်တွေ၊

လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပြီးတော့ နှစ်အလိုက် ရန်ပုံငွေမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနရဲ့ ရန်ပုံငွေလျာထားမှုကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသား ဘဏ္ဍာရေးကော်မရှင်၊ ဘဏ္ဍာငွေစိစစ်ရေးကော်မတီသို့ စိစစ်အတည်ပြုချက်ရယူပြီး လွှတ်တော်ကို ကျွန်တော်တို့ တင်ပြရပါတယ်။ လွှတ်တော်သို့တင်ပြ၍ သဘောထား အတည်ပြုချက်ရယူပြီးမှသာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ရာမှာလည်း နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းကြော်ငြာခေါ်ယူ၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် (၁/၂၀၁၇)ဖြင့် ထုတ်ပြန်ထားတဲ့ တင်ဒါလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။

ထို့အတူပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ဖြန့်ဝေခဲ့တဲ့ဝန်ကြီးဌာနများ ကန်ထရိုက် စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီများကို ကျွန်တော်တို့ Profile စစ်ဆေးခြင်း၊ BP/BQ စစ်ဆေးခြင်းနှင့် ပွင့်လင်းမြင်သာစွာဖြင့် တင်ဒါဖောက်ခြင်းများကို ဆောင်ရွက်စေခဲ့ပြီး တင်ဒါအောင်မြင်တဲ့ကုမ္ပဏီ များနှင့် လုပ်ငန်းစာချုပ်ချုပ်ဆို၍ စနစ်တကျ လုပ်ငန်းအပ်နှံ ဆောင်ရွက်လျက်ရှိသောကြောင့်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအသေးစိတ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ် များကို ကျွန်တော်တို့ ဖြန့်ဝေထားပြီးဖြစ်သောကြောင့်သော်လည်းကောင်း၊ တင်ဒါအောင်ကုမ္ပဏီများ အနေဖြင့်လည်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရသည့် လုပ်ငန်းခွင်များတွင် ကျွန်တော်တို့ အနေနှင့် လုပ်ငန်းစီမံကိန်းဆိုင်ရာ အချက်အလက်များကို ဆိုင်းဘုတ်များ စိုက်ထူထားခြင်းများကြောင့် လွှတ်တော်ကိုယ်စားလှယ်များသာမက အများပြည်သူ အလွယ်တကူသိရှိနားလည်နိုင်ရန် စီစဉ်ဆောင်ရွက် ပေးထားပြီးဖြစ်ပါသဖြင့် သီးသန့်ချပြ ရှင်းလင်းပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ မုန်းချောင်း ဘေလီတံတားကို သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပေးထားခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ကျေးရွာချင်းဆက် တံတားပုံစံသတ်မှတ်ချက်အရ ပေ(၁၀၀)အခန်းဖွဲ့အတွက် တစ်လွှာတစ်ထပ် ဘေလီတံတား အားဖြည့်သံဘောင်တစ်ချောင်း (Single - Single Reinforcement - 1 (SSR1) အမျိုးအစားမှာ ခံနိုင်ရည် (၁၂.၅)တန်ဖြစ်ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အဆိုပါ တံတား တည်ဆောက်ရာမှာ အားဖြည့်သံဘောင်နှစ်ချောင်း၊ (SSR2)ဖြင့် တည်ဆောက်ထားသောကြောင့် ခံနိုင်ရည် တန်(၁၃)တန်နှင့်အထက်ဖြစ်သော်လည်း ကန်ပက်လက်မြို့နယ် တည်ဆောက်ရေးမှု ကြီးကြပ်ရေး ကော်မတီ၏ တင်ပြချက်အရ ခံနိုင်ရည် (၆)တန်သာ သတ်မှတ်ပေးထားခြင်းဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ တံတားတည်ဆောက်မှု ပြီးစီးချိန်မှာလည်း ကန်ပက်လက်မြို့နယ် စီမံ ခန့်ခွဲမှုကော်မတီဖြင့် Load Test စမ်းသပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်းများ စနစ်တကျ ဆောင်ရွက် ခဲ့ပြီးတော့ တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျေးရွာများမှ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေး နိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်တဲ့ တံတားတည်ဆောက်ရေးအဖွဲ့ကိုလည်း စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ သက်ဆိုင်ရာ အင်ဂျင်နီယာတွေနှင့်လည်း ကျွန်တော်တို့ စစ်ဆေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ မေးခွန်းမှာပါရှိတဲ့ မှူချိန်းဒိန်း ရှင်ဘောင်လမ်းခွဲမှ မုလောင်းရွာအထိ မြေပြိုဖယ်ခြင်းလုပ်ငန်းဟာ နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း မဟုတ်ပါကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်အကြောင်းကြား ပေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းများကို စာချုပ်ပါအတိုင်း တာဝန်ယူရမည့် ကုမ္ပဏီများအားလုံး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ မည်သည့်အချိန်တွင် အပြီးဆောင်ရွက်မည့် အစီအစဉ်နှင့် အကယ်၍ ဆောင်ရွက်ခြင်းမရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနှင့်ကတော့ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်တဲ့ လုပ်ငန်းများမှ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် တာဝန်ယူသည့် ကုမ္ပဏီများက နေပြီးတော့ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့ကို တင်ပြရပါတယ်။ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့ကို တင်ပြပြီးတော့ သက်ဆိုင်ရာ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့မှတစ်ဆင့် ဝန်ကြီး ဌာနကို ကျွန်တော်တို့ တင်ပြရမှာ ဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဘဏ္ဍာနှစ်အလိုက် စိစစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ သို့ရာတွင် ရာသီဥတု ဆိုးဝါးတဲ့အခြေအနေကြောင့်ဖြစ်စေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော အခြေအနေကြောင့်ဖြစ်စေ၊ နယ်မြေမတည်ငြိမ်မှုကြောင့်ဖြစ်စေ မလွန်ဆန်နိုင်တဲ့ဖြစ်ရပ်များ ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်များ ဖြစ်ပေါ်သည့်အချိန်မှ (၁)လအတွင်း မိမိဝန်ကြီးဌာနကို တင်ပြမယ်ဆိုလို့ရှိရင် ဝန်ကြီးဌာနက လက်ခံ အတည်ပြုပြီးပါက လုပ်ငန်းများဆောင်ရွက်ပေးခြင်း ပြုပြင်ဆောင်ရွက်ရန်အတွက် ပြတ်တောက်ကာလ အပိုင်းအခြားအား လုပ်ငန်းဆောင်ရွက်သူကိုသာ သက်သာခွင့်ပြုနိုင်ပြီး သတ်မှတ်ထားတဲ့ ဘဏ္ဍာရေးနှစ် အတွင်း ပြီးစီးအောင် ဆောင်ရွက်မှုမရှိဘူးဆိုလို့ရှိရင် ဆောင်ရွက်ရန်ကျန်တဲ့ လုပ်ငန်းတန်ဖိုးမှ နောက်ကျဒဏ်ကြေးအဖြစ် (၁)ရက်လျှင် (၀.၀၁)ရာခိုင်နှုန်းကို သက်ဆိုင်ရာကုမ္ပဏီက ပေးသွင်းရမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လိုရင်းမေး။ မိုက်ပေးလိုက်ပါ။

**အချိန်၊ ၁၀း၃၂။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့ခင်ဗျား။ အခုလို မေးခွန်းလာရောက် ဖြေကြားပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အထူးကျေးဇူး တင်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားလိုပါတယ်။ အခု ဒုတိယဝန်ကြီး ဖြေသွားတဲ့ဟာက လုံငိုး ကနေ လုံငိုး - ကေလုံ - ဝေါ်တီး သွားတဲ့လမ်းဟာ မတူပီဘက် တောင်ဘက်စွန်းစွန်းကို သွားတဲ့လမ်းဖြစ် ပါတယ်။ အခု ကျွန်တော်တင်ပြတာ အခုနမြေပုံမှာပြသလို အနောက်မြောက်ဘက်ကို သွားတဲ့လမ်းဖြစ် ပါတယ်။ ရေဇွာမြို့နယ်ခွဲကနေ ဟားခါး - ထန်တလန် ဘက်သွားတဲ့လမ်းဖြစ်ပါတယ်။ အဲဒီနေရာမှာက မိုင် (၂၀)လိုအပ်ပါတယ်။ အဲဒါကြောင့်မို့လို့ အခုန ဝန်ကြီးဖြေသွားတာက တောင်ဘက်ကိုသွားတဲ့လမ်း

မဟုတ်ဘဲနှင့် ဝေါ်တီးကျေးရွာ သို့မဟုတ် ကေလုံ ကနေ ဘလေးရွာဘက်ကိုသွားတာ လုပ်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ အဲတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ဟာက ကျွန်တော်တို့ တောင်ဘက်လမ်းပေါ့။ တောင်ဘက်လမ်းလား။ အနောက်မြောက်ဘက်လမ်းပေါ့။ အဲဒါဆို ကျွန်တော်တို့ဆီကို ပြန်တင်ပေးလိုက်ပါ။ ကျွန်တော်တို့ ဆင်းစစ်ပြီးတော့ ကျွန်တော်တို့ ပြန်လျှာပေးလိုက်ပါ့မယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်မေးတာက ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုးလမ်းလို့ပြောတယ်။ အဲဒါ ဘာဖြစ်လို့ ဝန်ကြီးဖြေတာက။ ကိုယ်စားလှယ်မေးတာက အဲဒါပဲ ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုးလမ်းလို့ ပြောတာ။

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ ဆိုင်ကယ်လမ်း။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ မြောက်ဘက်လမ်းတောင်ဘက်လမ်းဆိုလို့ပါ။ နာမည်နှင့်ပြောလေ။ ဘာနာမည်နှင့်လဲ။ ဝန်ကြီးဖြေထားတာ ဘယ်လမ်း ဘယ်လမ်းဆိုတာကို တိတိကျကျ ပြောလိုက်လေ။ မြောက်ဘက်လမ်း၊ တောင်ဘက်လမ်း မေးခွန်းထဲ ပါမှမပါဘဲ။ မေးလိုက်။ မေး။ တိတိကျကျမေး။ တိတိကျကျမေးမှ ဖြေတဲ့လူလည်း တိတိကျကျဖြေတတ်တော့မှာပေါ့။ အဲတော့ မေးလေ။ သေသေချာချာ မေးလေ။ သေသေချာချာ တိတိလင်းလင်း မေးမှပေါ့။ ခင်ဗျား ပြန်မေးတာက မြောက်ဘက်လမ်း ဝန်ကြီးဖြေတာက တောင်ဘက်လမ်း။ ဖြစ်တာက မြောက်ဘက်လမ်း။ မေးခွန်းထဲမှာက မြောက်ဘက်လမ်း၊ တောင်ဘက်လမ်းပါတာမှ မဟုတ်ဘဲ။ ဟုတ်တယ်မလား။ ကိုယ်ကမေးချင်ရင် တိတိကျကျမေးပေါ့။ ကိုယ်လိုချင်တဲ့ အဖြေကို ဟုတ်တယ်မဟုတ်လား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများကို ဥပဒေကြမ်းတစ်ရပ်ချင်းစီအလိုက် ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများကို ကော်မတီက ဥပဒေကြမ်းတစ်ရပ်ချင်းစီအလိုက် ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်မှူးချုပ်တင့်လွင် ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မူပိုင်ခွင့် ဥပဒေကြမ်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မူပိုင်ခွင့်ဥပဒေကြမ်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ် ၊ ၁/ အမ (ကော်မတီ - ၁)၁/၂၀၁၈(၁၀၂)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **မူပိုင်ခွင့်ဥပဒေကြမ်းများ**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၈-၁-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၂၆-၁-၂၀၁၈ ရက်နေ့တွင် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့က လည်းကောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၄)ဦး တို့ကလည်းကောင်း အကြံပြုဆွေးနွေးခဲ့ပြီး ၂၉-၁-၂၀၁၈ ရက်နေ့တွင် တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့ကလည်းကောင်း၊ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း အပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့ကလည်းကောင်း အကြံပြုဆွေးနွေးခဲ့ကြပါသည်။ သို့ဖြစ်၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းများကို အကြံပြုဆွေးနွေး ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂-၂-၂၀၁၈ ရက်နေ့တွင် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မူပိုင်ခွင့်ဥပဒေကြမ်းများကို လေ့လာစိစစ် ရာတွင် အောက်ပါအတိုင်းလေ့လာတွေ့ရှိရပါသည်-

**စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်း**

(က) အရေးအသား မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ်၂၊ အပိုဒ်ခွဲ (ဆ) ကို အပိုဒ်၂၊ အပိုဒ်ခွဲ(ည) ဟု ပြင်ဆင်ပြီး ယင်းတွင်ပါရှိသော ယက်ထည်အသား ဆိုသည့် စကားရပ်ကို အထည်အလိပ်အသား ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၆) တွင် ဖော်ပြ ထားသော စကားရပ်များအစား အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး-အဖွဲ့ဝင်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်

(၇) တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ - အတွင်းရေးမှူး ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁) တွင် ဖော်ပြထားသော စကားရပ်များအစား ဗဟိုကော်မတီ၏ အတွင်းရေးမှူး - ဥက္ကဋ္ဌ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၂၃၊ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၂၆၊ အပိုဒ်ခွဲ (ဂ) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား စက်မှုဒီဇိုင်း အများအပြားပါဝင်သော မည်သည့် လျှောက်ထားချက်ကို မဆို တစ်စောင်ထက်ပိုသော လျှောက်ထားချက် အသစ်များအဖြစ် ခွဲခြားပေးရန်သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်း**

(ခ) အရေးအသားမှန်ကန်မှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၆) တွင် ဖော်ပြထားသော စကားရပ်များအစား အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး - အဖွဲ့ဝင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၇) တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ-အတွင်းရေးမှူး ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁)တွင် ဖော်ပြထားသော စကားရပ်များအစား ဗဟိုကော်မတီ၏ အတွင်းရေးမှူး- ဥက္ကဋ္ဌ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၂၅၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၁) ကို အပိုဒ် ၂၈၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၁) ဟုပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မ ၂၇ နှင့် ညီညွတ်ခြင်းမရှိသည့် လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေဘဲ ခွင့်ပြုမည့် အချိန်အထိ လျှောက်ထားချက် တစ်ခုထက်ပိုသော လျှောက်ထားချက် အခွဲများအဖြစ် ခွဲ၍ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၃၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၄)ကို အပိုဒ် ၆၅၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၄) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော နိုင်ငံတော်တွင် မရရှိနိုင်ခြင်း ဆိုသည့် စကားရပ်ကို ပြည်တွင်းတွင် မရရှိနိုင်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀၂ ကို အပိုဒ် ၁၀၄ ဟုပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ထိပါးချိုးဖောက်သူ အပေါ် ဆိုသည့် စကားရပ်ကို ထိပါးချိုးဖောက်သူကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

**ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်း**

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ည) ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(ဍ)ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော အသင်းအဖွဲ့ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ ဆိုသည့် စကားရပ်ကို အသင်းအဖွဲ့ သို့မဟုတ် လူမှုစီးပွားရေး အဖွဲ့အစည်းများ သို့မဟုတ် သမဝါယမ အသင်းကဲ့သို့ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၆) တွင် ဖော်ပြထားသော စကားရပ်များအစား အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး - အဖွဲ့ဝင် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၇)တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ- အတွင်းရေးမှူး ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁) တွင် ဖော်ပြထားသော စကားရပ်များအစား ဗဟိုကော်မတီ၏ အတွင်းရေးမှူး - ဥက္ကဋ္ဌ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၁၀၊ အပိုဒ်ခွဲ (စ)ကို အပိုဒ် ၁၃၊ အပိုဒ်ခွဲ (စ) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော တုပခြင်း ဆိုသည့် စကားရပ်ကို တုပခြင်း၊ ထင်ယောင်ထင်မှား ဖြစ်စေခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၂၁၊ အပိုဒ်ခွဲ (ဂ) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှု အများအပြားပါဝင်သော မည်သည့်လျှောက်ထား ချက်ကိုမဆို တစ်စောင်ထက်ပိုသော လျှောက်ထားချက် အသစ်များအဖြစ် ခွဲခြား ပေးရန် လည်းကောင်း၊ တင်ပြထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်းမပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်း ပြုလုပ်ပေးရန် လည်းကောင်း သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း**

(ဃ) ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါရှိသော Phonogram ဆိုသည့် စကားရပ်ကို ပိုမို ကောင်းမွန်စေရန်အတွက် (Phonogram) ကွင်းစကွင်းပိတ်နှင့်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲငယ် (န) ကို အပိုဒ် ၂၊ အပိုဒ်ခွဲ (န) ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(ဗ) ဟု ပြင်ဆင်ပြီး ယင်းတွင်ပါရှိသော သဏ္ဌာန်တူအသံ ဆိုသည့် စကားရပ်ကို အလားတူ အသံ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၆) တွင် ဖော်ပြထားသော စကားရပ်များအစား အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး - အဖွဲ့ဝင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၇) တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံတော် သမ္မတမှ တာဝန်ပေးအပ်သူ - အတွင်းရေးမှူး ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

အပိုဒ် ၆၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁) တွင် ဖော်ပြထားသော စကားရပ်များ အစား ဗဟိုကော်မတီ၏ အတွင်းရေးမှူး - ဥက္ကဋ္ဌ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၆၃၊ အပိုဒ်ခွဲ (က) ကို အပိုဒ် ၆၆၊ အပိုဒ်ခွဲ (က) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော တင်သွင်းထားသော ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော သေချာသည့် အထောက်အထားရှိလျှင် ဆိုသည့် စကားရပ်ကို တင်သွင်းထားသော ပစ္စည်းဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားများရှိလျှင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မူပိုင်ခွင့် ဥပဒေကြမ်းများအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက်ဖြစ်တဲ့ -

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　　။)

၁၃၇၉ ခုနှစ်၊　　လ　　ရက်

(၂၀၁၈ ခုနှစ်၊　　လ　　ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အပိုဒ်၂၊ အပိုဒ်ခွဲ(ခ)မှ(ည)အထိ၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဒ)(ဓ)(န)၊ အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၅၊ အခန်း(၄)အခန်းခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂၊ အပိုဒ်ခွဲ(ခ)မှ (ည)အထိ၊ အပိုဒ် ၂၊

အပိုဒ်ခွဲ (ဒ)(ခ)(န)၊ အခန်း(၃)အခန်းခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ်၅၊ အခန်း(၄)အခန်းခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)(ဃ)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဂ)(င)၊ အပိုဒ် ၂၀၊ အပိုဒ်၂၂ (က)(၃)၊ အပိုဒ် ၂၂(ခ)(၄)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၆(က)(ဂ)၊ အပိုဒ် ၂၇ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၊ အပိုဒ် ၁၁ (ဂ)(ဃ)၊ အပိုဒ်၁၂(ဂ)(င)၊ အပိုဒ်၂၀၊ အပိုဒ် ၂၂(က)(၃)၊ အပိုဒ် ၂၂(ခ)(၄)၊ အပိုဒ်၂၃၊ အပိုဒ် ၂၆(က)(ဂ)၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အပိုဒ် ၂၈(က)(ခ)(ဃ)၊ အပိုဒ်၂၉(က)(၃)၊ အပိုဒ် ၃၀ (က)(ခ)(ဂ)၊ အပိုဒ် ၃၁(က)(ဂ)၊ အပိုဒ် ၃၄(က)၊ အပိုဒ် ၃၅ (က)(ခ) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈(က)(ခ)(ဃ)၊ အပိုဒ် ၂၉(က)(၃)၊ အပိုဒ် ၃၀ (က)(ခ)(ဂ)၊ အပိုဒ် ၃၁(က)(ဂ)၊ အပိုဒ် ၃၄(က)၊ အပိုဒ် ၃၅ (က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အပိုဒ် ၃၇၊ အပိုဒ် ၃၈(က)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ ၄၅၊ အပိုဒ် ၄၆ ရဲ့ ခြေဆင်း၊ အပိုဒ် ၄၆ (ခ)၊ အပိုဒ် ၄၇၊ ၅၁၊ ၅၂၊ ၅၃ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇၊ အပိုဒ် ၃၈(က)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆ ခြေဆင်း၊ အပိုဒ် ၄၆ (ခ)၊ အပိုဒ် ၄၇၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၈၊ အပိုဒ် ၆၀(က)(ခ)၊ အပိုဒ် ၆၁(ဂ)၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ ၆၆(က) (ခ)(ဂ)(င)၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈(က)ရဲ့ ခြေဆင်း၊ အပိုဒ် ၆၈ (က)(၁)၊ အပိုဒ် ၆၈(ဃ)၊ အပိုဒ် ၆၉(က)(၂) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၈၊ အပိုဒ် ၆၀(က)(ခ)၊ အပိုဒ် ၆၁(ဂ)၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆(က)(ခ)(ဂ)(င)၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈(က) ခြေဆင်း၊ အပိုဒ် ၆၈(က)(၁)၊ အပိုဒ် ၆၈(ဃ)၊ အပိုဒ် ၆၉(က)(၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၇၀(က)၊ အပိုဒ် ၇၅၊ ၇၇၊ ၇၉၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ အပိုဒ် ၈၉(က)၊ အပိုဒ် ၈၉ (ခ)ရဲ့ ခြေဆင်း၊ အပိုဒ် ၈၉(ဂ) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၀ (က)၊ အပိုဒ် ၇၅၊ အပိုဒ် ၇၇၊ အပိုဒ် ၇၉၊ အပိုဒ် ၈၄၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆၊ အပိုဒ် ၈၇၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉(က)၊ အပိုဒ် ၈၉(ခ) ခြေဆင်း၊ အပိုဒ် ၈၉(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြု ဥပဒေကြမ်းမှာပါရှိတဲ့ တရားရုံး ဆိုတဲ့ စကားရပ်တွေကို မူပိုင်ခွင့်တရားရုံး ဆိုတဲ့ စကားရပ်များနှင့် ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပြောင်းလဲ ပြင်ဆင်ထားပါတယ်။ ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် မူပိုင်ခွင့်တရားရုံး ဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အပိုဒ် ၂၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ (ခ)(ဂ)၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ (က)(၄)၊ အပိုဒ် ၅၀ ပယ်ဖျက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု လွှတ်တော်ကနေပြီးတော့ ဆုံးဖြတ်ဆောင်ရွက်ပြီးတဲ့ ပြင်ဆင်ချက်များမှတစ်ပါး ဥပဒေကြမ်းရဲ့ အခြား အပိုဒ်၊ အပိုဒ်ခွဲများ အားလုံးကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၉၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၉၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော်သို့ တင်သွင်းထားတဲ့ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်မှ တစ်ပိုဒ်ချင်းစီ အဆုံးအဖြတ်ရယူဆောင်ရွက်ထားပြီး ဖြစ်တဲ့အတွက် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။**　　။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ။**　　။ ဟုတ်ကဲ့။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တင်သွင်းတဲ့ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် က အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

